# အင်္ဂလန်ခရီး မပြီးသေးပါ (၉)

အရှင်ဉာဏိက



Imperial War Museum in London

လန်ဒန်မြို့ရှိ ထင်ရှားတဲ့နေရာ တော်တော်များများကို သွားခဲ့တယ်။ အများအားဖြင့်တော့ ကျော်ကြားတဲ့ပြတိုက်တွေပေါ့။ ဗြိတိသျှပြတိုက်၊ ဗစ်တိုးရီးယားပြတိုက်၊ သဘာဝပြတိုက်၊ သိပ္ပံပြတိုက်၊ စစ်ပြတိုက်နဲ့ မဒမ်တူးဆော့ဒ်လို့ ခေါ်တဲ့ ဖရောင်းပြတိုက်တို့ဖြစ်တယ်။ ပြတိုင်တိုင်းမှာ သူ့ပုံစံနဲ့သူ ထူးခြားတဲ့စိတ်ဝင်စားစရာတွေနဲ့ အပြည့်။ ပြတိုက်တိုင်းက အချိန်ပေးပြီး လေ့လာရမည့်နေရာတွေချည်း။သို့ပေမယ့် ကိုယ်သွားခဲ့တာက ဘယ်အရာကို အထူးပြုပြီး လေ့လာမယ်ဆိုတဲ့ ဦးတည်ချက်နဲ့ သွားတာမျိုးမဟုတ်။ ရောက်တုံးရောက်ခိုက် ရောက်ဖူးအောင်လောက်ပဲ သွားတာမျိုးဖြစ်လို့ သိပ်နက်နက်ရှိုင်းရှိုင်း မစူးစမ်းခဲ့။ အပေါ်ယံမျှသာ။ ဘယ်အရာကိုမှ အသေးစိတ်လေ့လာခဲ့တာမျိုး မရှိခဲ့။ ပြတိုက်သွားတာမျိုးထက် အပြင်းပြေ အလည်သဘော သွားခဲ့တာမျိုးဖြစ်။ ဒါတောင်မှပဲ ဗြိတိသျှပြတိုက်၊ ဗစ်တိုးရီးယားပြတိုက်၊ သဘာဝပြတိုက်နဲ့ စစ်ပြတိုက်တို့က နေ့တစ်ဝက်စီ အချိန်ပေးရတယ်။ တစ်ခုခုကို အသေးစိတ်လေ့လာမယ်ဆိုလျှင် ပြတိုက်တစ်ခုတည်းကိုပဲ လနှစ်ချီကာ လေ့လာဖို့ လိုလိမ့်မယ်။

စုဆောင်းထားတဲ့အရာတွေက တကယ့်ကိုမှ သမိုင်းတန်ဖိုးကြီးလှတဲ့ အရာများ။ လူ့သမိုင်းကို အပိုင်းပိုင်းနဲ့ စိတ်ဖြာလို့ ကြည့်နိုင်တဲ့နေရာဟာ ပြတိုက်ပါပဲလို့ ဆိုရမလို။ သူ့ခေတ်သူ့ခါ သူ့နေရာနဲ့သူ ထွန်းကားခဲ့တဲ့ ယဉ်ကျေးမှုတွေ၊ ယုံကြည်မှုတွေ၊ သုံးစွဲခဲ့တဲ့ အသုံးအဆောင်တွေ၊ အပိုင်းလိုက် အကန့်လိုက်၊ သူ့အကွက်နဲ့သူ၊ သူ့ဒေသနဲ့သူ။ အာဖရိက၊ အာရှ၊ ဥရောပ။ ဒေသအသီးသီး ၊ ခေတ်အမျိုးမျိုးစုံက အဖုံဖုံသော လူသားနဲ့ ဆက်နွယ်နေတဲ့ မှတ်တမ်းမှတ်ရာတွေ။ လူလုပ်ခဲ့တဲ့အရာတွေ။ အချို့ပြကွက်များမှာတော့ လူသားတွေကိုယ်တိုင်ပင်လျှင် ပြခန်းတွင်းမှာ ပြသခံပြယုဂ်ဝင်တွေဖြစ်လို့။ ဝိဉာဉ်ဝင်နေတဲ့ အသက်ရှင်လူသားတွေတော့ မဟုတ်ဘူးပေ့ါလေ။ ဝိဉာဉ်မဲ့လူသားတွေရဲ့ ရုပ်ကြွင်းတွေက ကျောက်ဆစ်ရုပ် တစ်ရုပ်သာမျှ။ သစ်တစ်ပိုင်း ကျောက်တစိုင်ထက် ဘာများထူးခြားတဲ့ အသွင်ဆောင်ပါတော့မလဲ။ ဝိဉာဉ်ထင်လင်းရှိစဉ်က ဒီလူသားသဏ္ဌာန်မှာ ကိန်းတည်ခဲ့တဲ့ လောဘ ဒေါသ အတ္တမာန်မာနတရားတွေ ဘယ်မှာထင်ကျန်နိုင်ပါတော့မလဲ။ သမိုင်းခေတ် တစ်ခေတ်အတွင်းမှာပင်လျှင် လူသားတစ်ယောက်ရဲ့ ဖြစ်တည်မှုဆိုတာ ဘယ်လောက်များ ကြာရှည်စွာ ရှင်သန်လို့နေနိုင်ပါသတဲ့လဲ။ ဝိဉာဉ်မဲ့လူသားတွေ ပြောတဲ့စကားသံတွေက ဝိဉာဉ်ရှိလူသားတွေပြောတဲ့စကားထက် ပိုပြီးကျယ်လောင်လို့နေသယောင်။

အားလုံးကိုခြုံကြည့်လိုက်တော့ တချိန်က ကမ္ဘာ့ဗဟိုချက်မလို့ ဆိုလောက်တဲ့နေရာတွေက ခုချိန်မှာတော့ နယ်စွန်နယ်ဖျား။ တချိန်က လူ့ယဉ်ကျေးမှုရဲ့ အစဦးလို့ သတ်မှတ်ခံရတဲ့ ဒေသတွေကလည်း ခုတော့ ဟိုးနောက်မှာ ကျန်ရစ်လို့။ လူသားဗဟိုလို့ယူဆတဲ့ အယူအဆတွေလည်း တစ်စစီ ပြိုကွဲလို့သွားခဲ့။ သမိုင်းကနေ အသိတွေပေးခဲ့သလို သမိုင်းကပဲ သံဝေဂဉာဏ်ကို ရင့်သန်စေခဲ့။ အလွန်စိတ်ဝင်စားဖွယ်ကောင်းတဲ့ သမိုင်းရုပ်ကြွင်းတို့ကြားမှာ ကိုယ်ကိုယ်တိုင် သမိုင်းဝင်လူသားတစ်ဦး ဖြစ်တဲ့အခါ ဖြစ်သွား။ သိပ္ပံနဲ့နည်းပညာသစ်များ ပြကွက်အောက်မှာတော့ ကိုယ်ကပဲ နှစ်ဆယ့်ငါးရာစုခေတ်ဝင် လူသားသစ်လွင်တစ်ဦး ဖြစ်နေချင်မိပြန်ရော။ ဇာတ်လမ်းမဲ့ ပြကွက်တွေအောက်မှာ ကိုယ့်ဇာတ်ကို ကိုယ်ထွင်လို့ ကိုယ်ပင်လျှင် ဇာတ်လမ်းဝင်နေတဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်နေခဲ့တာ။ ဒါ ပြတိုက်တွေက ပေးလိုက်တဲ့ ခံစားမှု ရသလေလား။ သမိုင်းအနုပညာ လေလား။ တန်ဖိုးကြီးမားလှတာတော့ အမှန်။

လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာကတည်းက တိုးတက်ထွန်းကားနေတဲ့ ယဉ်ကျေးမှုသင်္ကေတများ။ ကမ္ဘာကြီးရဲ့ တချို့အစိတ်အပိုင်းများမှာတော့ လုံးဝ မရွေ့ရှားသေးပါပဲ ရှေးဟောင်းပုံဟန်အတိုင်း  ခုတိုင်ခရီးဆက်နေဆဲဆိုတာကိုလည်း နှိုင်းယှဉ်လို့ ဆင်ခြင်မိရ။ ကြီးကျယ်ခမ်းနားမှုတွေနဲ့ နှိုင်းယှဉ်မိပြန်တော့ ကိုယ့်ကိုယ်ကို အလွန်သေးသေးငယ်ငယ်လေး မျှသာဖြစ်လို့လည်း သိမ်ငယ်သလိုဖြစ်မိ။ ထင်မှတ်မထားလောက်အောင် တိုးတက်ထွန်းကားနေခဲ့တဲ့ သူ့သမိုင်းဆိုင်ရာ ယဉ်ကျေးမှုတွေကလည်း အမြောက်အများ။ လူသားတစ်ဦးဖြစ်မှုရဲ့ ဂုဏ်သိက္ခာကိုလည်း ပြတိုက်တွေက သယ်ဆောင်ကာ ယူလာပေးနိုင်ခဲ့တယ်လို့ ကိုယ်ကတော့ ထင်မိတယ်။

'ဗြိတိသျှပြတိုက်ရဲ့ စုဆောင်းမှုတွေနဲ့ ကမ္ဘာကြီးဟာ သမိုင်းသစ်တွေကို ရေးထိုးနိုင်တယ်။ ဒီသမိုင်းသစ်တွေဟာ အတိတ်ကာလများတွေကို နားလည်နိုင်စေဖို့ လိုအပ်တဲ့အရာများဖြစ်သလို အနာဂတ်အတွက်လည်းပဲ အထောက်အပံ့ကောင်းများဖြစ်ပါတယ်' တဲ့။ ပြတိုက်ရဲ့ တန်ဖိုးနဲ့ အသုံးဝင်မှုကို စာတန်းထိုးလို့ ပြောပြထားတယ်။'ပြတိုက်ကနေပြီး တို့တတွေ လန်ဒန်မှာ ဘာတွေလုပ်နေကြတယ်၊ အင်္ဂလန်နိုင်ငံမှာ ဘာတွေလုပ်ကိုင်နေကြတယ်၊ ကမ္ဘာကြီးမှာ ဘာတွေလုပ်ကိုင်နေကြတယ်ဆိုတာကို ရှာဖွေနိုင်ပါတယ်' လို့လည်း ဆိုပါတယ်။ ကြည့်မြင်တတ်မယ်ဆိုလျှင် ဒီထက်မကတဲ့ အရာတွေကိုပင်လျှင် တွေ့မြင်နိုင်ပါတယ်လို့ ကိုယ်ကတော့ အကြွင်းမဲ့ ယုံကြည်နေမိတယ်။ တကယ်လို့ကိုယ့်မှာ ငွေကြေးနဲ့အချိန်ကာလ ဒီထက်ပိုပြည့်စုံမယ်ဆိုလျှင် ကမ္ဘာ့အရပ်ရပ်က ထင်ရှားတဲ့ပြတိုက်များဆီ သွားဦးမယ်။ သင်လည်း ကိုယ့်လိုဝါသနာတူ တစ်ဦးဖြစ်နိုင်တာပဲ။ ဒါဆို အတူသွားကြတာပေါ့။ ဒါပေမယ့် ကိုယ်နဲ့ဆိုလျှင် အချိန်အကြောင်း မပြောဖို့တော့ လိုလိမ့်မယ်။ အချိန်က ကိုယ့်ကိုပြဌာန်းသတ်မှတ်လွှမ်းမိုးနေတာမျိုး ကိုယ်က သိပ်ပြီး မလိုလားတတ်ဘူး။

ပြတိုက်တွေထဲမှာ အင်ပရီယယ် စစ်သမိုင်းပြတိုက်ကိုရောက်တော့ ဆင်ခြင်စရာတွေ အများကြီးရခဲ့တယ်။ ကိုယ့်ရဲ့စိတ်တွေကိုလည်း နက်နက်ရှိုင်းရှိုင်း အတွေးအာရုံထဲ နစ်ဝင်စေခဲ့တယ်။ 'War shapes lives' စစ်ပွဲတွေက ဘဝတွေကို ပြောင်းလဲစေပါတယ်တဲ့။ ဟုတ်တာပေါ့။ စစ်ပွဲတွေက ဘဝတွေကို အကြီးအကျယ် ပြောင်းလဲစေ၊ စစ်ပွဲတွေက ဘဝတွေကို လှုပ်ခါစေတာ။ ဘယ်လိုမှ မငြင်းနိုင်တဲ့ အချက်ပေါ့။

ပထမ ကမ္ဘာ့စစ်ပွဲကစလို့ အသုံးပြုခဲ့တဲ့ တိုက်လေယာဉ်တွေ၊ တင့်ကားတွေ၊ ဒုံးပစ်စင်တွေ၊ ဒုံးတွေနဲ့ သံချပ်ကာယာဉ်တွေ။ စစ်ပွဲတွေမှာ အသုံးပြုခဲ့တဲ့ လက်နက်ငယ်တွေ။ အသုံးအဆောင်တွေ။ အောင်မြင်မှုကြောင့် ချီးမြှင့်ခဲ့တဲ့ ဆုတံဆိပ်တွေ။ ထင်ရှားခဲ့တဲ့ စစ်ဗိုလ်တွေနဲ့ သူတို့ရဲ့ ပါဝင်ပတ်သက်ခဲ့မှုတွေ။ စသဖြင့် စုံစုံလင်လင် ပြသထားရဲ့။ စစ်ကိုဖန်တီးခဲ့တဲ့ စစ်တရားခံတွေနဲ့ သူတို့ရဲ့အောင်မြင်ချိန်၊ ကျရှုံးချိန် ပြကွက်တွေ။ အောင်မြင်သူတွေ အပြုံးနဲ့ ရှုံးနိမ့်သူတွေရဲ့ မျက်ရေတွေ။ စစ်တလင်းကြားက နင်းပြားဖြစ်ကြရတဲ့ မြေဇာပင် ဘဝတွေ။ စုံစုံလင်လင်။

စစ်ပြတိုက်ရဲ့ ဆန့်ကျင်မှုပုံရိပ်က ကိုယ့်စိတ်ကို တစ္ဆေတစ်ကောင်အလား ခြောက်လှန့်နေဆဲ။ မတူမှုနှစ်ခုရဲ့ ပေါင်းစပ်ထားမှုက ကိုယ့်စိတ်ကို ရှုပ်ထွေးမှုတစ်ခု ပေးလို့နေဆဲ။ ပထမ၊ ဒုတိယနဲ့ ဒေသန္တရစစ်ပွဲအသီးသီးမှာ သုံးခဲ့တဲ့ စစ်လေယာဉ်တွေ၊ သံချပ်ကာတင့်ကားတွေ၊ ဒုံးလက်နက်တွေက တိုက်ခိုက်သူတွေရဲ့ စွမ်းအားတွေကို ဝင့်ကြွားစွာ ပြသတဲ့

ကိုရိယလက်နက်တွေ။ စစ်ပွဲတွေမှာ ဒီကိရိယာတွေသုံးစွဲမှုဟာ အောင်မြင်မှုအတွက် လိုအပ်ချက်တွေလို့ ပြောနေသယောင်။ အခြားတစ်ဖက်မှာတော့ ပျက်စီးယိုယွင်းနေတဲ့ မြို့ပြအဆောက်အဦတွေနဲ့ သေကြေပျက်စီးနေတဲ့ လူ့အသက်အပေါင်းများစွာက စစ်ပွဲမှန်သမျှဟာဖြင့် လိုလားအပ်တဲ့အရာ မဟုတ်ဘူးလို့ မီးမောင်းထိုးပြနေဟန်ပါပဲ။

စစ်ပြတိုက်ရဲ့ အထင်ကရ ပြခန်းတစ်ခုဖြစ်တဲ့ **(The Holocaust)** ဟိုလိုကော့ ပြခန်းမှာတော့ ဒုတိယကမ္ဘာစစ်အတွင်း ဥရောပတခွင်ရှိ **(Auschwitz)** အော့ခဝစ်အကျဉ်းစခန်းများမှာ အသက်ပျောက်ကြရတဲ့ လူသားတွေအကြောင်း ပြသထားတယ်။ စစ်ရဲ့သားကောင်ဖြစ်ကြသူတွေကတော့ ဥရောပရှိ ဂျူးလူမျိုး အများစုပေ့ါ။ ကြောက်မက်တုန်လှုပ်ဖွယ်ရာ ဒီသတ်ဖြတ်မှုကို အဓိကဖန်တီးကြိုးကိုင်ခဲ့သူများကတော့ ဟစ်တလာနဲ့ သူ့ရဲ့နောက် လိုက်နောက်ပါအစွန်းရောက် နေရှင်နယ်လစ်တွေပါပဲ။ အမျိုးသားရေးဆိုတဲ့အသံကို အစွမ်းကိုဟစ်ကြွေးပြီး အစွန်းရောက် မျိုးချစ်စိတ်ဓာတ်ကို သွတ်သွင်းကာ အပြစ်မဲ့တဲ့ လူသားအချင်းချင်းကို ရက်ရက်စက်စက် မညှာမတာသတ် ဖြတ်ညှဥ်းဆဲလိုစိတ်တွေ သွတ်သွင်းပေးခဲ့တာဟာဖြင့် အလွန်မှပဲ ရွံရှာဖွယ်ကောင်းသလို ကြောက်မက်ဖွယ်ကောင်းလှပါတယ်။ ဒီလိုဆိုးရွားရက်စက်တဲ့ ဝါဒမျိုးတွေ ဒီကမ္ဘာမြေပေါ် နောင်ထပ်တဖန် မပေါ်လာစေဖို့ အားလုံးမှာ တာဝန်ရှိ တယ်ဆိုတဲ့ အသိတရားကိုလည်း ပြတိုက်ကနေ ကောင်းကောင်းရခဲ့ပါတယ်။

ပြာပုံကြားက အရိုးခေါင်းတွေ၊ မီးလျံကြားက အဝတ်ပိုင်းစတွေ၊ စုပုံနေတဲ့ ဖိနပ်စုတ်တွေနဲ့ တွန့်လိမ်ကြေမွနေတဲ့ လူ့အသုံးအဆောင် အပျက်အစီးစတွေကို တွေ့ရတော့ ဝမ်းနည်းကြေကွဲစိတ်ကို မနည်းမျိုသိပ်ထားခဲ့ရတယ်။ ဒီရက်စက်တဲ့ လူသတ်ကွင်းများအတွင်း ဂျူးလူမျိုး ခြောက်သန်းဝန်းကျင် အသက်ဆုံးရှုံးခဲ့ရတယ်လို့ဆိုပါတယ်။

ဟိုလိုကော့ရဲ့ အဓိပ္ပါယ်ကို ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုလိုတဲ့ အချို့ပညာရှင်များကတော့ ဒီအဖြစ်ဆိုးကြီးအတွင်း အသတ်ခံကြရတဲ့ လူနည်းစု ပိုလန်လူမျိုးတွေ၊ ရိုမေးနီးယန်းတွေ၊ သာမန်အရပ်သား ဆိုဗီယက်ပြည်သူတွေနဲ့ စစ်သုံ့ပန်းတွေ၊ မသန်မစွမ်းပုဂ္ဂိုလ်တွေ၊ လိင်တူပေါင်းသင်းနေထိုင်သူတွေနဲ့ နိုင်ငံရေးအယူအဆ မတူသူတွေ၊ ဘာသာရေးအယူအဆ ကွဲပြားသူတွေပါ ပေါင်းထည့် မှတ်တမ်းပြုလိုကြပါတယ်။ သူတို့အလိုအရတော့ ဟိုလိုကော့ဖြစ်ရပ်အတွင်းမှာ သားကောင်ဖြစ်ကြသူတွေဟာ တစ်ဆယ့်တစ်သန်းကနေ တစ်ဆယ့်ခုနစ်သန်းလောက်အထိရှိတယ်လို့ ခန့်မှန်းကြပါတယ်။ လူသားတို့ရဲ့ မောဟတရားတွေ၊ အတ္တမာန်မာနတရားတွေဟာ ဘယ်လောက်တောင် ကြောက်မက်ဖွယ်ကောင်းလိုက်ပါသလဲ။ ရာထူးအာဏာနဲ့ တန်ခိုးပါဝါတွေဟာ လူသားတွေရဲ့စိတ်ဓာတ်တွေကို အရိုင်းဘဝဆီ ပို့ဆောင်တတ်စေပါလားဆိုတာ ဒီဟိုလိုကော့ဖြစ်ရပ်ကနေ အခိုင်မာဆုံး သက်သေပြနေသလိုပါပဲ။

အော့ခဝစ်အကျဉ်းစခန်းများကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ကြတဲ့ တာဝန်ရှိသူတွေအတွင်းမှာ သာမန်မိခင်တွေပါဝင်နေပါတယ်။ ဒီမိခင်တွေ ကိုယ်တိုင်ကပင်လျှင် လူသားအချင်းချင်း သတ်ဖြတ်မှုဟာ တရားတဲ့လုပ်ရပ်ဖြစ်တယ်ရယ်လို့ ယုံကြည်လက်ခံစေတဲ့အထိ အယူအဆမှား ဝါဒမှိုင်းအောက် ရောက်ကြရတာကလည်း အလွန့်အလွန်မှ ကြေကွဲဝမ်းနည်းစရာ ကောင်းလှပါတယ်။ မိခင်ဆိုတာ လူသားဘဝကိုဖြစ်ထွန်းစေသူ၊ လူ့ဝတ်ကျင်ကို မေတ္တာ စေတနာအပြည့်၊ အကြင်နာနှလုံးသားနဲ့ အလှဆင်သူမျိုး မဟုတ်ပါလား။ သို့ပေမယ့် နာဇီတွေရဲ့ အစွန်းရောက် အမျိုးသားရေးဝါဒမှိုင်းအောက်မှာတော့ အမျိုးသမီးတို့ရဲ့ ကြင်နာမှုအတိပြီးတဲ့ မိခင်စိတ်လည်း ပျောက်ခဲ့ကြရပါတယ်။

စစ်ပွဲများ၊ အစွန်းရောက်အယူမှားများရဲ့ အနိဋ္ဌာရုံမြင်ကွင်းများက နှလုံးသားကို နက်နက်ရှိုင်းရှိုင်း ထိခိုက်စေခဲ့တယ်။ နာကျင်ကြေကွဲမှုတွေနဲ့ မွန်းကြပ်စွာ ပြခန်းထဲက ထွက်ခဲ့တယ်။ ပြခန်းကအထွက်မှာ အလွန်ထင်ရှားတဲ့ စာတမ်းတစ်ခုကို လေးဆယ့်ငါးဒီဂရီခန့်စောင်းနေတဲ့ နံရံရဲ့ မှုန်ပျပျထွန်းညှိထားတဲ့ မီးရောင်အောက်မှာ တွေ့လိုက်ရတယ်။ ဒီစာတမ်းလေးက ကိုယ့်အတွက် ရှေ့ဆက်ဘယ်လိုလျှောက်သင့်သလဲဆိုတဲ့ လမ်းကြောင်းတစ်ခုကိုလည်း ညွှန်ပြသလို ခံစားလိုက်မိတယ်။

For evil to triumph it is only necessary for good men to do nothing (Edmund Burke 1729-1797)-တဲ့။

မကောင်းဆိုးဝါးတွေ အောင်မြင်မှုရနေတဲ့ အဓိကအကြောင်းရင်းတစ်ခုကတော့ လူကောင်းတွေ ဘာမှမလုပ်ပဲနေခြင်းပါ။

ခု ငါဘာတွေ လုပ်နေသလဲ။ အို မိတ်ဆွေ။ သင်ကော ဘာတွေလုပ်နေသလဲ။ တို့အားလုံးအတွက် ဒီမေးခွန်းဟာ အမြဲမေးနေသင့်တဲ့ မေးခွန်းမျိုး ဖြစ်လိမ့်မယ်လို့ ကိုယ်ကတော့ ထင်မိပါတယ်။

အော့ခဝစ်အကျဉ်းစခန်းထဲက နာကျင်ဖွယ်ပုံရိပ်တွေ ကိုယ့်အိပ်မက်ထဲအထိ မပါဝင်စေဖို့ အိပ်ရာဝင်မှာ ကိုယ်ကျကျနန ဆုတောင်းဖို့ လိုပေလိမ့်မယ်။ တကယ်လို့ ဒီအဖြစ်ဆိုးတွေ ကိုယ့်အိပ်မက်ထဲအထိ ပါလာခဲ့လျင်တော့။ သေချာပါတယ်။ ဒီည ကိုယ်ဘယ်လိုမှ အိပ်လို့ပျော်နိုင်တော့မယ် မဟုတ်ပေဘူး။ ။